the voice of spring

28.6.2021 · Monday · No . 66 · Daily News Pamphlet

သေနတ်နှင့် ပစ်ခတ်ခံရသဖြင့် မြင်းခြံခရိုင်၊ သဲဖြူဝရွာ စစ်ကျွန်အုပ်ချုပ်ရေးမှူး သေဆုံးခဲ့ကြောင်း သိရ

သတင်းတို

ရင်းမြစ် – မှ

ကျောက်တော်၊ မဟာမုနိဘုရားကြီးဝင်းရှိ စစ်အုပ်စုတပ်ဖွဲ့ဝင်(၂၀)ခန့်ကို AA မှ လက်နက်ချခိုင်း၍ ဖမ်းဆီးခဲ့

သတင်းတို

ရင်းမြစ် –ခေတ်သစ် မှ

စစ်ဘက်ဆိုင်ရာ အရေးကြီး သိမှတ်ဖွယ်ရာများ၊ ကာကွယ်ရေးနည်းနာများနှင့် ကျင့်ဝတ်ဆိုင်ရာများ ပါဝင်ပြီး အနယ်နယ်အရပ်ရပ်မှ ဒေသခံ PDF အဖွဲ့များအတွက် အထောက်အကူပြုနိုင်မည့် ပြည်သူ့ကာကွယ်ရေးစာစဉ်၊ အမှတ်(၁)ကို အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့၊ ကာကွယ်ရေးဝန်ကြီးဌာနမှ စတင်ထုတ်ဝေလိုက်ကြောင်းသိရ

သတင်းတို

ရင်းမြစ် – PVTV မှ

## မြင်းခွာတချက်ပေါက်ရင် မီးဟုန်းဟုန်းတောက်စေရမယ် ပြောက်ကျားသပိတ်များ နိုင်ငံအနှံ့ ပြုလုပ်ခဲ့ကြ







ဇွန်လ(၂၇)ရက်၊ မန္တလေးမြို့ ကျန်းမာရေးသပိတ်စစ်ကြောင်းနှင့် မန္တလေးမြို့ တက္ကသိုလ်ကျောင်းသားများသပိတ်စစ်ကြောင်းကို အသီးသီးတွေ့မြင်ရစဉ် -(ဓါတ်ပုံ - CJ, Panda )

မော်လမြိုင်တက္ကသိုလ်မှ Non CDM စစ်ကျွန်ပညာရေး ဝန်ထမ်းများနှင့် တက်ရောက်သူကျောင်းသား(၇၀)ကျော်၊ ရုံးဝန်ထမ်း(၂၀)ကျော်တို့ ကိုဗစ်ရောဂါပိုး ကူးစက်ခံရ

သတင်းတို

ရင်းမြစ် – PVTV မှ

ဂန့်ဂေါမြို့မှ ကလေးမြို့သို့ မောင်းနှင်လာသည့် အကြမ်းဖက်စစ်အုပ်စု ကား(၃)စီးကို ကလေး-PDF မှ ခြုံခိုတိုက်ခိုက်သဖြင့် စစ်အုပ်စုဘက်မှ(၉)ဦးသေဆုံးခဲ့ဟုသိရ

သတင်းတို

ရင်းမြစ် – မြန်မာနောင်း မှ

ဖမ်းဆီးခံရသည့် ရက်ပေါင်း(၆၀)ကျော်လာသော်လည်း စာရေးဆရာမတူးတူးသာနှင့် မိသားစုဝင်များ တွေ့ခွင့်မရသေး

သတင်းတို

ရင်းမြစ် – RFA မှ

ဇေယျာတိုင်းမ် တရားဝင် သတင်းဌာနမှ သတင်းထောက်(၂)ဦးကို စစ်အုပ်စုက အကြောင်းမဲ့ဖမ်းဆီး

သတင်းတို

ရင်းမြစ် – RFA မှ

ရန်ကုန်၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း(၁)ရပ်ကွက်၌ ပေါက်ကွဲမှု(၂)ကြိမ်ခန့် ဆက်တိုက် ဖြစ်ပွားခဲ့ပြီး စစ်အုပ်စုမှ ရပ်ကွက်ထဲသို့ ဝင်ရောက်ပစ်ခတ်ခဲ့

သတင်းတို

ရင်းမြစ် – RFA မှ

ဖတ်ပြီးလျှင် လက်ဆင့်ကမ်းဝေမျှပေးပါ၊ ဖြစ်နိုင်လျှင် မိတ္တူပွား၍ ဆက်လက်မျှဝေပါ၊ ဖုန်းဖြင့် ဆော့ဖ်ကော်ပီကိုလည်း အဆင်ပြေသလို ဖြန့်ချိမျှဝေပေးကြပါ၊ သတင်းစီးဆင်းမှု(လုံးဝ)မရပ်တန့်စေရ။

ဖေဖော်ဝါရီ(၁)ရက်မှ ဇွန်(၂၇)ရက်အထိ

ကျဆုံးသူဦးရေ - ၈၈၃ ဦး

အဖမ်းဆီးခံရသူဦးရေ- ၆၃၈၀ ဦး

ဝရမ်းထုတ်ခံရသူဦးရေ- ၁၉၆၆ ဦး

ရင်းမြစ် –အေအေပီပီမှ

the voice of spring
28.6.2021 · Monday · No . 66 · Daily News Pamphlet

# သတင်းမှတ်စု

ဇွန်လ(၂၇)ရက်၊ ၂၀၂၁



- စစ်အုပ်စုက ၎င်းလက်အောက်ခံ နိုင်ငံတော်ပိုင် သတ္တုတွင်းဦးစီးဌာနမှတဆင့် အမေရိကန်ဒေါ်လာ သန်း(၅၀)ကျော် တန်ဖိုးရှိ ကက်သုတ်ကြေးနီပြားများ၊ စွန့်ပစ်သတ္တုခဲ ချော်ချေးနှင့် စွန့်ပစ် မြေဇာအဖြုန်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချရန် ပြင်ဆင်လျက်ရှိ ဟုသိရ။
- ဂန့်ဂေါမြို့နယ်၊ ကန်နယ်မြေရဲစခန်း၌ တာဝန်ထမ်းဆောင်နေသည့်ဒုတပ်ကြပ် အောင်ဆန်းကိုမှ CDM ပြုလုပ်ခဲ့ဟုသိရ။
- ကိုဗစ်ကူးစက်မှုများ ရှိနေသည့် ရန်ကုန်တိုင်းအတွင်းရှိ အခြေခံပညာအဆင့် ပုဂ္ဂလိကကျောင်းများကို အွန်လိုင်းမှ သင်ကြားခြင်း၊ သင်ယူခြင်းများ မပြုလုပ်ကြရန်နှင့် ကျောင်းများတွင်သာ သင်ကြားရန် စစ်အုပ်စုက ဖိအားပေး ညွှန်ကြားထားဟုသိရ။
- ရန်ကုန်၊ သီလဝါဆိပ်ကမ်း၌ စင်ကာပူနိုင်ငံမှ ထွက်ခွာလာသည့် လေယာဉ်ဆီတင် သင်္ဘော SANTYA မှာ နံနက်ပိုင်းက ဆိုက်ကပ်ခဲ့ပြီး ရေတပ်ဝတ်စုံဝတ် စစ်အုပ်စု တပ်သားများက လုံခြုံရေးယူထား၍ အမှတ်တံဆိပ်ဖျက်ထားသည့် ဆီဘောက်ဆာ ကားများဖြင့် သယ်ယူမှုများ ပြုလုပ်ခဲ့။
- ကယားပြည်နယ်၌ စစ်အုပ်စုနှင့် ဖြစ်ပွားခဲ့သည့် တိုက်ပွဲများအတွင်း ကျဆုံးခဲ့ရသူများနှင့် စစ်အုပ်စုက မတရားပစ်သတ်မှုကြောင့်



သေဆုံးခဲ့ရသည့် ပြည်သူများမှာ (၇၃) ဦးအထိ ရှိလာပြီဟု တိုးတက်သော ကရင်နီပြည်သူ့အင်အားစု - PKPF က ထုတ်ပြန်ခဲ့။
- ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် (၂) ရပ်ကွက်ရှိ စစ်ကျွန်ရာအိမ်မှူး ဦးမျိုးအောင်မှာ ကျန်စစ်သားလမ်းနှင့် ရာဇသင်္ကြန်လမ်းထောင့်ရှိ ကွမ်းယာဆိုင်တွင် ထိုင်နေစဉ် သေနတ်နှင့် ပစ်ခတ်ခံရပြီး ဆေးရုံသို့ ပို့ဆောင်စဉ် လမ်း၌ပင် သေဆုံးခဲ့ဟုသိရ။
- အင်းစိန်မြို့နယ်ရှိ နံ့သာကုန်းနှင့် ဖော့ကန် စစ်ကျွန်အုပ်ချုပ်ရေးမှူးရုံး(၂)ခု အပါအဝင် (၁) ဂိတ်ကားမှတ်တိုင်အနီး တနေရာ၊ ရွာသစ်ကားမှတ်တိုင်အနီး တနေရာ၊ ဘိုခြံကားမှတ်တိုင်နှင့် ၃၆၀ ဆီဆိုင် အကြားတို့၌ ပေါက်ကွဲမှုများ ဖြစ်ပွားခဲ့။
- မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင် တံတားအနီးရှိ စစ်ကျွန် လ.ဝ.ကရုံးအနီး၌ နေ့လယ် (၂)နာရီခွဲခန့်က ပေါက်ကွဲမှုဖြစ်ခဲ့ရာ စစ်အုပ်စုက နာရီဝက်ကျော်ကြာသည်အထိ သေနတ်နှင့် အချက်(၅၀)ကျော် ရပ်ကွက်များထဲအထိဝင်ရောက်၍ပစ်ခတ်ရမ်းကားခဲ့ဟုသိရ။
- ကချင်၊ ဖားကန့်မြို့နယ်၊ ဟောင်ပါးကျေးရွာ အထက်တန်းကျောင်းနှင့် ဟောင်ပါးမြောက်ကျောင်းဘုန်းကြီးကျောင်းဝင်းအတွင်း ရွှေတူးဖော်နေသည့် လုပ်ကွက်အနီး၌ နံနက် ၆ နာရီခန့်က ပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ဟုသိရ။
- သဃ်္ဃန်းကျွန်းမြို့နယ် ကျောင်းသားသမဂ္ဂ–ဗကသ အဖွဲ့ဝင်များက လုံခြုံရေးတင်းကြပ်မှုများကြားကပင် မြို့နယ်တွင်းရှိ လမ်းမီးတိုင်များတွင် "ငြိမ်းချမ်းရေးအတွက် တိုက်ပွဲရှိရမယ်"ဟု ပါရှိသည့် စတေကာများ ကပ်၍ သပိတ်မှောက်ခဲ့ကြ။
- ထားဝယ်တောင်ပိုင်း။ ကချင်၊ လုံးခင်းကျေးရွာအုပ်စုတို့၌ ဆိုင်ကယ်သပိတ်ကို ပြုလုပ်ခဲ့ကြ။
- ရန်ကုန်၊ စမ်းချောင်း၊ တောင်ဒဂုံ။ မန္တလေး၊ အခြေစိုက်လူထုသပိတ်စစ်ကြောင်း၊ တကသ၊ မြတောင်၊ အောင်မြေသာစံ ပညာရေးကျောင်းပေါင်းစုံ၊ ကျန်းမာရေး စစ်ကြောင်း၊ အောင်ပင်လယ်၊ သံဃသမဂ္ဂ။ မိုးကုတ်။ ပြင်ဦးလွင်။ မုံရွာ။ ဆားလင်းကြီး၊ ကျေးရွာပေါင်းစုံနှင့် ယင်းမာပင်၊ လက်ပံတောင်းတောင်ကျေးရွာများ။ ကလေးမြို့။ ပခုက္ကူ။ မကွေး၊ နတ်မောက်။ ရေဖြူ၊ ကံပေါက်။ သရက်ချောင်း၊ ပိန်းတောရွာ။ ထားဝယ်။ လောင်းလုံမြို့နယ်၊ မောင်းမကန်၊ ဝေဒီ၊ ညင်းမော်၊ စစ်ပြ၊ တီဇစ် ကျေးရွာများ။ ထားဝယ်။ သရက်ချောင်းမြို့နယ်၊ တီတွတ်ပြင်ကျေးရွာ။ ဖားကန့်မြို့ ကျောက်ဝိုင်း စသဖြင့် မြို့အသီးသီး၌ လူအင်အားရာချီသော သပိတ်စစ်ကြောင်းကြီးများနှင့် ချီတက်ဆန္ဒဖော် ထုတ်ခဲ့ကြဟု သိရ။

ရင်းမြစ်–မဇ္ဈိမ

## ဘုံရန်သူ

ရက်ရှည်လာတာနဲ့
အခက်ပွေစရာတွေ ရှိကောင်းမယ်။

အယူမတူသူတိုင်း
သူတလူ
ငါတမင်းနဲ့
သွေးချင်းညီမှ
ဘေးကင်းခ မယ်။



ရင်ချင်းအပ်
ကျောချင်းကပ်လို့
မိစ္ဆာတပ်ကို
အမြစ်ပြတ်ချေမှုန်းကြမယ်။

သွေးမနည်းဖို့လိုသလို
သွေးမကွဲဖို့လည်း သတိချပ်မယ်။

ဒီစစ်ကြီးပြီးအောင်
သည်းညည်းခံ
ဘုံရန်သူ ပျက်စီးဖို့
ငါတို့
လက်သီးဆုပ်တွေ မဖြေဖို့လိုတယ်။

ဒေါင်းသွေး ■




ဇွန်လ(၂၇)ရက်၊ နေ့စဉ်မပြတ် ချီတက်လျက်ရှိသည့် ကလေးမြို့ပင်မသပိတ်စစ်ကြောင်းကို တွေ့ရစဉ်(ဓါတ်ပုံ - CJ )

**နွေဦးစကား ဒို့ပြောကြား**

"ကြောက်တတ်လို့ ပြေးတာမဟုတ်
နောက်ရက်အဖို့ အားမွေးရင်း
စိန်ပြေးတမ်းကို အသက်ထည့်ကစားတဲ့မျိုးဆက်မို့
ဒို့ နိုင်ကို နိုင်မှာပါ" – မင်းကိုနိုင်

fb.com/thevoiceofspring · twitter@NewsPamphlet · thevoiceofspringdaily@gmail.com

**အရေးတော်ပုံ မုချ အောင်ရမည်**